# အထက်ပေါင်း ကျေးရွာ
# ပုလောမြို့နယ်၊
# မြိတ်ခရိုင်
# တနင်္သာရီတိုင်းဒေသကြီး

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉ - ၂၀၂၃)









ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
အထက်ပေါင်းကျေးရွာ၊ ပုလောမြို့နယ်

# (သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
# ၂၀၂၀ပြည့်နှစ်၊ ဇွန်လ
## မာတိကာ


| စဉ် | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| | **စကားချီး** | |
| | **အထက်ပေါင်းကျေးရွာ သယံဇာတပြမြေပုံ၊ ပုလောမြို့နယ်** | |
| **၁။** | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | |
| **၂။** | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | |
| **၃။** | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | |
| **၄။** | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | |
| | (က) သီးနှံ စိုက်ပျိုးရေး | |
| | (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း | |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| **၅။** | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | |
| | (ခ) ကျေးရွာ မီးလင်းရေး | |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | |
| **၆။** | **ပညာရေး** | |
| **၇။** | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | |
| **၈။** | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | |
| **၉။** | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | |
| **၁၀။** | **ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ** | |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | |
| | နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၉/၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၄ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ

အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ စသည် တို့ကို အဓိကထား ဖော်ပြထားပါသည်။

**၂၀၂၀ပြည့်နှစ်၊ ဇွန် လ**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**
**အထက်ပေါင်းကျေးရွာ**
**ပုလောမြို့နယ်**

## တောင်ယာကမ်းကျေးရွာအုပ်စု၊ အထက်ပေါင်းကျေးရွာ သယံဇာတပြမြေပုံ




## အထက်ပေါင်းကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်

| အဖြစ်အပျက်များ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | | | | | | | | | | | | | |
| အလုပ်အကိုင် | ကွမ်း၊ ဥယျာဉ် | စပါး | စပါး | စပါး | စပါး | စပါး၊ဥယျာဉ် | စပါး၊ကွမ်း၊ဥယျာဉ် | စပါး၊ကွမ်း၊ဥယျာဉ် | စပါး၊ကွမ်း၊ ဥယျာဉ် | စပါး၊ကွမ်း၊ ဥယျာဉ် | စပါး၊ကွမ်း၊ ဥယျာဉ် | ကွမ်း၊ ဥယျာဉ် | |
| လက်လုပ်လက်စားမိသားစုဝင်ငွေရရှိမှု | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | |
| အသုံးစရိတ် | သင့် | နည်း | နည်း | နည်း | သင့် | သင့် | များ | များ | များ | များ | များ | များ | |
| ချေးငွေလိုအပ်မှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | |
| ဝမ်းစာဖူလုံမှု | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | |
| သောက်သုံးရေရရှိမှု | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | |
| တိရစ္ဆာန်ရောဂါကျရောက်မှု | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | |
| ကျန်းမာရေး(ဖျားနာခြင်း) | မရှိ | သင့် | သင့် | သင့် | သင့် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | |
| သီးနှံရောဂါကျရောက်မှု | မရှိ | မရှိ | သင့် | သင့် | သင့် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | |
| ပွဲတော်များ | သင်္ကြန် | ရေသွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မီးထွန်းပွဲ | ကထိန်ပွဲ | မရှိ | မရှိ | မရှိ | မရှိ | |
| သဘာဝဘေး အန္တရာယ်ကျရောက်မှု | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | |

## အဖွဲ့အစည်းပုံစံပြ

တောင်ယာကမ်းကျေးရွာအုပ်စုအထက်ပေါင်းကျေးရွာ၏ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းပုံစံပြ
Venn Diagram

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ
ပရဟိတအဖွဲ့
ကာလသား/သမီးအဖွဲ့
ဂေါပကအဖွဲ့
ရပ်မိရပ်ဖအဖွဲ့
ကျောင်းကျိုးတောင်ဆောင်အဖွဲ့

ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများ
Vision Fund
Worldvision Fund
ဖူလတန်မြန်မာ




## ဥစ္စာဓနအဆင့်

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၃ | ၄၀ | ၂၅ | ၉ |

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

အထက်ပေါင်းကျေးရွာသည် တောင်ယာကမ်းကျေးရွာအုပ်စု၊ ပုလောမြို့နယ်တွင် ပါဝင်ပါသည်။ မြောက်လတ္တီတွဒ် ၁၂ဒီဂရီ၊၅၈မိနစ်၃၃စက္ကန့် နှင့် အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၃၈မိနစ်၊ ၃၆စက္ကန့် ကြားတွင်တည်ရှိပြီး အရှေ့ဘက်တွင် မြိတ်-ထားဝယ်ကားလမ်းမ၊ အနောက်ဘက်တွင် အောက်ပေါင်းကျေးရွာ၊ တောင်ဘက်တွင် ရှပ်ပုံကျေးရွာ၊ မြောက်ဘက်တွင် တောင်ယာကမ်းကျေးရွာတို့နှင့် ထိစပ်လျှက်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

အထက်ပေါင်းကျေးရွာသည် ပူနွေးစွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးပူချိန် (၉၀)ဒီဂရီစင်တီဂရိတ်နှင့်အနိမ့်ဆုံးအပူချိန်မှာ(၇၀)ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ အထက်ပေါင်းကျေးရွာ၏ အမြင့်ဆုံးမိုးရေချိန်မှာ (၁၉၅) လက်မဖြစ်ပြီး၊ အနိမ့်ဆုံးမိုး ရေချိန်မှာ (၉၅)လက်မ ဖြစ်ပါသည်။ အထက်ပေါင်းကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများမထွက်ရှိပါ။ သဘာဝအရင်းအမြစ်များဖြစ်သည့်သဲ၊ကျောက်များထွက်ရှိ သော်လည်း ကျေးရွာ မှ လုပ်ဆောင်ခြင်းမရှိပါ။ သဘာဝအပင်မျိုးစိတ်များနှင့် တိရစ္ဆာန်မျိုးစိတ်များအား ကျေးရွာ နှင့် အနီးတဝိုက်တွင် အလွယ်တကူရရှိပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

**အထက်ပေါင်းကျေးရွာတွင် အိမ်ထောင်စုပေါင်း (၈၉) အိမ်ရှိ ပြီး လူဦးရေစုစုပေါင်း (၅၂၈) ဦးရှိပါသည်။** ကျေးရွာတွင် ဖွံ့ဖြိုးမှုပိုင်းအနေဖြင့် တိုးတက်မှု အသင့်အတင့်ရှိသော ကျေးရွာတရွာဖြစ်ပါသည်။

အထက်ပေါင်းကျေးရွာတွင် ကျေးရွာ၏ လူမှုရေး၊ အုပ်ချုပ်ရေး၊ သာသနာရေးရာများဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်း (၆) ခုရှိပြီး ပရဟိတအဖွဲ့မှ ကျေးရွာ၏ လူမှုရေးလုပ်ငန်းများအား အဓိကဆောင်ရွက်နေကြပါသည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးစသည့် ကဏ္ဍများတွင် ဦးဆောင်ဦးရွက်ပြုလုပ်ဆောင်ပြီး စသည့်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေကြပါသည်။

အထက်ပေါင်းကျေးရွာတွင် ချေးငွေအတွက် Vision Fundမှ အတိုး (၂ကျပ်၅ပြား) ဖြင့် ၅သိန်းမှ ၁၅သိန်းအထိ ပိုင်ဆိုင်မှုပြ၍ (၁)နှစ်ကာလ ကြာမြင့်စွာ

ထုတ်ချေးပေးလျှက်ရှိပါသည်။ World Vision အဖွဲ့မှ ကျေးရွာအတွင်း ကျန်းမာရေး၊ စာသင်ကျောင်း၊ အိမ်သာများ ဆောင်ရွက်ပေးပါသည်။ အထက်ပေါင်းကျေးရွာ၏ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာ ရေး ကိစ္စများ ပိုမိုတိုးတက် ကောင်းမွန်စေရန် ကျေးရွာအတွင်းရှိ ပရဟိတအဖွဲ့နှင့် ကျေးရွာ ပြင်ပရှိ ပရဟိတအဖွဲ့တို့ ချိတ်ဆက် ဆောင်ရွက်ရန် လိုအပ်လျှက်ရှိပါသည်။

**၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံ စိုက်ပျိုးရေး**

အထက်ပေါင်းကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ ဥယျာဉ်ခြံမြေ၊ယာ/တောင် ယာမြေ (၄၀၀)ကေ ရှိပါသည်။ ၂.၅ကေအောက် ဆင်းရဲသားတောင်သူ (၂၀)အိမ်ထောင် စု၊ **၂.၅ ကေမှ ၅ ကေကြား တောင်သူငယ် (၁၄) အိမ်ထောင်စု၊ ၅ ကေမှ ၁၂.၅ ကေကြား တောင်သူ လတ် (၃၀) အိမ်ထောင်စု၊ ၁၂.၅ ကေအထက် တောင်သူကြီး (၅)အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် ဥယျာဉ်ခြံ သီးနှံများ ကို အဓိကအားထား စိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စု၏** (၂၂.၄၇%) **ခန့်ရှိပါသည်။** အထက်ပေါင်းကျေးရွာတွင် အဓိကအားဖြင့် တောင်ယာလုပ်ငန်းလုပ်ကိုင်ကြပါသည်။ တောင်ယာ မြေနေရာတွင် တောင်ယာစပါးစိုက်ပျိုးခြင်းနှင့် တခြားအပင်စိုက်ပျိုးခြင်း များ လုပ်ကိုင်ကြပါသည်။ဥယျာဉ်ခြံလုပ်ငန်းများလည်းလုပ်ကိုင်ကြပါသည်။

တောင်ယာလုပ်ငန်းကို ကိုယ်ပိုင်လုပ်ကိုင်သည့် အိမ်ထောင်စု(၅၀)စုရှိပါသည်။ အထက်ပေါင်းကျေးရွာပိုင်မြေဧရိယာတွင် ရာဘာ ခြံ ရှိသော်လည်း တခြားလုပ်ငန်းရှင်များမှ ပိုင်ဆိုင်သဖြင့် ၎င်းရာဘာခြံတွင် အခကြေးဖြင့် လုပ်ကိုင်သည့် အိမ်ထောင်စု(၃၀)စုရှိပါသည်။ ကျေးရွာတွင် ပန်းရံလုပ်ငန်းလုပ်ကိုင်သည့်အိမ်ထောင်စု(၁၀)စုရှိပြီး ဈေးဆိုင်(၁၀)အိမ်ရှိပါသည်။ ရာဘာခြံတွင် တောခုတ်လုပ်ကိုင်သည့် သူများလည်းရှိပါသည်။ ကိုယ်ပိုင်စက်ဖြင့် လုပ်ကိုင်ပါက လုပ်အားခ(၁၅၀၀၀)ရရှိပါသည်။ ကျေးရွာတွင် သဘာဝအရင်းအမြစ်ဖြစ်သည့် သဲ၊ကျောက်များထွက်ရှိသော်လည်းကျေးရွာမှလုပ်ကိုင်ခြင်းမရှိပါ။အပ်ချုပ်စက်လုပ်ကိုင်သည့် အိမ်ထောင်စု (၅)စုရှိပါသည်။

**(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း**

**အထက်ပေါင်းကျေးရွာ၏ မွေးမြူရေးကဏ္ဍတွင် အိမ်ထောင်အများစုမှာ နွား၊**

ဝက်၊ ကြက်၊ စသည်တို့ကို တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။ တိရစ္ဆာန်ကူးစက်ရောဂါများ ကျရောက်မှု နည်းပါးသော်လည်း စီးပွားဖြစ်မွေးမြူရေးဆိုင်ရာ နည်းစနစ်များနှင့် ရောဂါ ကာကွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲများ ပြုလုပ်ပေးနိုင်ပါက ပိုမို အဆင်ပြေပါမည်။ ငါးလုပ်ငန်း ဆိုင်ရာ ဖမ်းဆီး/မွေးမြူသည့် အိမ်ထောင်စုများ မရှိပါ။ စားကျက်မြေ အသင့် အတင့်ရှိခြင်း၊ မျိုးကောင်းမျိုးသန့်များ ဝယ်ယူရန် လက်လှမ်းမီခြင်း၊ ချေးငွေ အသင့်အတင့် ရရှိနိုင်ခြင်း၊ သွင်းအားစုများ အလွယ်တကူဝယ်ယူနိုင်ခြင်း၊အိမ်ခြံဝင်းအတွင်း မွေးမြူရေး လုပ်ကိုင် ရန် နေရာများ လုံလောက်စွာရှိခြင်းကလည်း ကျေးရွာရှိ အိမ်ထောင်စုများအတွက် မွေးမြူရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာ ရှိနေပါသည်။

ရွာသူ/သားများသည် မွေးမြူရေးကဏ္ဍအတွက် စိတ်ပါဝင်စားမှု အားနည်းပြီး စိုက်ပျိုးရေးလုပ်ငန်းကိုသာ အလေးထားလုပ်ကိုင်ကြပါသည်။ ထို့အပြင် ငါး/ပုဇွန်မွေးမြူရန် ရေမြေအနေအထား ကောင်းမွန်မှု မရှိခြင်း သည်လည်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးမြှင့် ပေးနိုင်မည့် လုပ်ငန်းအမျိုးအစားအသစ်တစ်ခု အတွက် အဟန့်အတားဖြစ်စေပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

အထက်ပေါင်းကျေးရွာ၏ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေး ဝမ်းကျောင်းလုပ်ငန်း ကျွမ်းကျင်မှု အားနည်းပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန် ခြင်း၊ လျှပ်စစ်မီးရရှိနိုင်ခြင်း၊ အသေးစားလုပ်ငန်းများ အတွက် ဈေးကွက်အသိအမြင် အသင့် အတင့်ရှိခြင်း၊ချေးငွေရနိုင်မှုအသင့်အတင့်ရှိခြင်းတို့ကလည်း ကျေးရွာ၏ အသေးစားအလတ် စား စီးပွားရေးလုပ်ငန်းများအတွက် အသက်မွေးမှု ပြုနိုင်သည့် အခွင့်အလမ်းကောင်းများဟု ဆိုရမည်ဖြစ်ပါသည်။ အသက်မွေးဝမ်း ကျောင်းလုပ်ငန်းအတွက် နည်းပညာဝန်ဆောင်မှုများ ရရှိရန် လိုအပ်နေပါသည်။ ချေးငွေရရှိသော်လည်း လိုအပ်သလောက် မရရှိပါ။

**အထက်ပေါင်းကျေးရွာ၏ စိုက်ပျိုးမွေးမြူရေး**မဟုတ်သော အသက်မွေး ဝမ်းကျောင်း ပြုနိုင်သော ပညာရပ်တစ်ခုခုကို တက်မြောက်သူ နည်းပါးခြင်း၊ **အလုပ်အကိုင် အခွင့်အလမ်း အသင့်အတင့် ရှိသော်လည်း ပိုမိုကောင်းမွန်သော အလုပ်များနှင့် ဝင်ငွေတိုးတက် စေရန်အတွက် အခြားဒေသများနှင့် ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်ကြပါသည်။**

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

အထက်ပေါင်းကျေးရွာတွင် လယ်ယာမြေများမရှိသဖြင့် စိုက်/ဘဏ်ချေးငွေ မရရှိ ပါ။ အစိုးရမဟုတ်သော ပြင်ပအဖွဲ့အစည်း Vision Fundမှာ ပိုင်ဆိုင်မှုပြနိုင်မှသာ အနည်းဆုံး (၅)သိန်း မှအများဆုံး (၁၅)သိန်းသာ ချေးယူရှိပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

အထက်ပေါင်းကျေးရွာ၏ သယ်ယူပို့ဆောင်ရေးယာဉ်များ အသုံးပြုမှုမှာ စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ ထော်လာဂျီ၊ ကားများကိုသာ အများဆုံးအသုံးပြုကြပါသည်။ စက်ဘီးစီးရေမှာ(၁၅)စီး ၊ဆိုင်ကယ်(၃၀)စီး၊ ထော်လာဂျီ(၁)စီး၊ မော်တော်ကား(၂)စီး၊ နွားလှည်း(၃)စီးရှိပြီး ရွာ၏သယ်ယူ ပို့ဆောင်ရေး တွင် အဓိက အသုံးပြုကြပါသည်။

ကျေးရွာတစ်ရွာ၏ဖွံ့ဖြိုးမှုကို သုံးသပ်လိုလျှင် ကျေးရွာအခြေခံ အဆောက်အဦ ဖွံ့ဖြိုးမှုမှာလည်း အရေးပါလှသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ ကျေးရွာတွင်းလမ်း (၆၀၀'-၁၂'-၆'')မှာ မိုးရာသီတွင် ရေကျော်ခြင်း၊ရွှံ့ဗွက်ထခြင်းများကြောင့် ရဟန်းသံဃာများ ဆွမ်းခံကြွခြင်း၊ ကျောင်းသား/ သူများသွား လာရခက်ခဲခြင်း၊ကျေးရွာတွင်း သာရေး၊နာရေး၊ စီးပွါးရေး၊လူမှုရေးများအတွက် အနှောင့်အယှက် အခက်အခဲဖြစ်နေခြင်း များကြုံတွေ့ နေရသောကြောင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့် တင်ရန် အထူးလိုအပ် နေပါသည်။ အထက်ပေါင်း-ထိလုကျေးရွာချင်းဆက်လမ်း(၄/၀)မိုင်မှာ ကျေးလက် လမ်းဦး စီးဌာနမှ ၂၀၁၉-၂၀၂၀ခု၊ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါသည်။ စာကြည့် တိုက်နံဘေးလမ်း( ၆၀၀ ')မှာလည်း အဆင့်မြှင့်တင်ရန် လိုအပ်လျှက်ရှိပါသည်။ ရွာပတ်လမ်း(၃/၀)မိုင်လည်း အဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။ အထက်ပေါင်း-ကမာအိုင် ကုန်ထုတ်လမ်း (၄/၀)မိုင်လည်း အဆင့်မြှင့် တင်ရန် လိုအပ်နေပါသည်။ ကျေးရွာတွင် လမ်း(၇)လမ်းရှိပြီး မြေသားလမ်းများမှာ ဖြစ်နေပါသည်။ ကျေးရွာတွင် သချိုင်းမြေနေ ရာများရှိပြီး မီးသင်္ဂြိုလ်စက်နှင့်တရားနာဆောင်မရှိသဖြင့် တခြားကျေးရွာများ နှင့် နှိုင်းစာလျှင် ဖွံ့ဖြိုးမှု အားနည်းနေသည်ဟုဆိုရပါမည်။ထို့ကြောင့် မီးသင်္ဂြိုလ်စက်၊ တရား နာ ဆောင်နှင့် သချိုင်းအဝင်လမ်း (၁၆၀၀') ကိုလည်း ကျောက်လမ်းအဖြစ် အဆင့်မြှင့် တင်မည်ဆိုပါက ကျေးရွာ၏ တခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

**အထက်ပေါင်းကျေးရွာတွင် ရေပြွန်(၅)စင်းရှိပြီး ကောင်းမွန်မှုရှိပါသည်။**

**(ခ) ကျေးရွာ မီးလင်းရေး**

**အထက်ပေါင်းကျေးရွာတွင် (၂၄)နာရီမီး ရရှိသဖြင့် အဆင်ပြေသောအိမ်ထောင်စု များမှာ(၂၄)နာရီမီး အသုံးပြုကြပါသည်။ စီးပွားရေးမပြေလည်သောအိမ်ထောင်စု (၁၉)စုမှာ မီးခွက်၊ ဖယောင်း တိုင်ဖြင့် အသုံးပြုပါသည်။**

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

အထက်ပေါင်းကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း (၆၀) လုံး၊ တီဗွီ(၁၀)လုံး၊ဂြိုလ်တုစလောင်း(၁၀)စသည်တို့မှ ရရှိ ပါသည်။ **အထက်ပေါင်းကျေးရွာတွင် ဖုန်းတာဝါတိုင် မရှိသော်လည်း ပြည်ခြားကျေးရွာ တာဝါတိုင်မှ လိုင်းအား ရရှိပါသည်။ ဖုန်းလိုင်းမိသော်လည်း တခြားကျေးရွာများနှိုင်းယှဉ်လျှင် ဖုန်းသုံးစွဲမှုနှုန်း နည်းပါးပါသည်။**

**၆။ ပညာရေး**

**အထက်ပေါင်းကျေးရွာတွင် အ.မ.က (မူလွန်)ကျောင်းတွင် သင်ကြားနိုင်ပြီး ပြည်ခြားကျေးရွာနှင့် ပလောက်မြို့တို့တွင် အလယ်တန်းအဆင့်နှင့် အထက်တန်း အဆင့်များကို ၎င်းအထက်တန်းကျောင်းတွင် ဆက်လက် ပညာသင်ယူကြပါသည်။ တက္ကသိုလ် တက်နေသည့် ကျောင်းသား/သူ (၁၁) ဦးရှိပါသည်။ မူလတန်းတွင် ကျောင်းသား/သူ (၇၈)ယောက်ရှိပါသည်။ အထက်ပေါင်းကျေးရွာရှိမူလွန်ကျောင်းတွင် ဆရာ/မ(၇)ဦးသာရှိပါသည်။ အလယ်တန်းအဆင့်တွင် ဆရာ/မ(၂)ဦးသာရှိသဖြင့် သင်ကြားရေး အခက်အခဲများစွာရှိပါသည်။ ကျေးရွာခန့်များငှါးရမ်းရန် ကျေးရွာမိသားစုများမှာ ဆင်းရဲချို့တဲ့နေပါသဖြင့် ရပ်ခန့်မငှါးရမ်းနိုင်ပါ။ ဆရာမ(၁)ဦးအားပညာရေး ဌာနကို တင်ပြထားသော်လည်း ယနေ့အထိမရရှိသေးပါ။ စာရေးခုံနှင့် ထိုင်ခုံများ လုံလောက်မှုမရှိပါသဖြင့် အစုံ(၂၅)စုံ လိုအပ်လျှက်ရှိပါသည်။ ကျောင်းတွင်သောက်သုံး ရေကို ပြင်ပမှခပ်ယူသုံးစွဲနေရသဖြင့် ရေသန့်စက်(၁)လုံး လိုအပ်လျှက်ရှိပါသည်။ကျောင်းတွင် ခြံစည်းရိုးမှာ အရှေ့မျက်နှာတွင်သာ အုတ်ဖြင့်ခြံစည်းရိုးကာရံထားသောကြောင့် ကျွဲ၊နွားများ ဝင်ရောက်ခြင်း၊ကျောင်း သည် လမ်းနံဘေးတွင်တည်ရှိသောကြောင့်ကျောင်းသူ/သားများလမ်းသို့ အလွယ်တကူထွက်၍ ဆော့ကစားခြင်းများရှိသောကြောင့် အန္တရာယ်ရှိနေသဖြင့် ကျန်ရှိနေ သည့်(၁၁၀၀)ပေ ကာရံရန် လိုအပ်**

နေပါသည်။ ကျောင်းတွင်မူကြိုကလေးများအတွက် သီးသန့် စာသင်ဆောင်မရှိသဖြင့် မူကြိုကျောင်းဆောင်(၁)ဆောင်ဆောက်လုပ်ရန် လိုအပ်နေပါသည်။ ကျောင်းဆောင် ဟောင်း (၁၈၀'- ၃၀')တွင် မျက်နှာကျက်ပြုပြင်ရန် လိုအပ်နေပါသည်။ နယ်ဝေး ဆရာ/မများ ရှိသည့်အတွက် ဝန်ထမ်းအိမ်ရာ(၁)လုံး လိုအပ်လျှက်ရှိပါသည်။ ထို့နောက် ကျောင်းဝင်း အတွင်း မြေနေရာလုံလောက်စွာရှိသောကောင်း ကလေးများ အတွက် အားကစား ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

အထက်ပေါင်းကျေးရွာတွင် စာမတတ်သူ (၃.၆%)ရှိပါသည်။ ကျေးရွာလူဦးရေ ၏ (၅၉%) မှာ မူလတန်းအဆင့်ပညာရေးသာ ပြီးမြောက်မှု ရှိကြပြီး၊ အလယ်တန်းအဆင့် အထိ တတ်မြောက်သူ (၂၃.၇%)၊ အထက်တန်းအဆင့် တတ်မြောက်သူ (၃.၉၁%)၊ တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူဦးရေမှာလည်း(၁၀.၄%) အထိ ရှိပြီး အတန်းပညာ တတ် မြောက်မှုတိုးတက် လာသော ကြောင့် အနာဂတ်ကာလ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များတွင် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်လာကြပါမည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

အထက်ပေါင်းကျေးရွာအုပ်စု၊ တောင်ယာကမ်း ကျေးလက်ကျန်းမာရေးဌာနခွဲမှ ဆရာမများမှ ကာကွယ်ဆေးများအား ကျေးရွာအရောက် လာရောက်ထိုးနှံပေးခြင်း၊ဆေးပေး ခန်းသို့ သွားရောက်ထိုးနှံရခြင်း ပြုလုပ်ကြရပါသည်။ကလေးအရပ်တိုင်းတာခြင်းကို ယခင်က (၁)လ(၁)ကြိမ် ပုံမှန်ပြု လုပ်ပေးလျှက်ရှိပြီး ယခုချိန်တွင် (၃)လ(၁)ကြိမ်း ဆောင်ရွက် လျှက်ရှိပါသည်။

အထက်ပေါင်းကျေးရွာနှင့် (၁)မိုင်ခန့်ဝေးသော တောင်ယာကမ်းကျေးရွာနှင့် ပုလောမြို့နယ်ပြည်သူဆေးရုံတို့ရှိ ကျန်းမာရေးဌာနတွင်ကလေးမီးဖွားခြင်းနှင့် သာမန်ရောဂါ များကိုကုသနိုင်ပါသည်။ အရေးပေါ်လူနာများကို ပလောက်မြို့ တိုက်နယ်ဆေးရုံနှင့် ပုလော မြို့ ပြည်သူ့ဆေးရုံတို့တွင် ကုသကြပါသည်။ လမ်းခရီး အဆင်ပြေသဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပါ။

အထက်ပေါင်းကျေးရွာတွင် ရေတွင်း(၂၀)တွင်းရှိပြီး နွေရာသီ တပေါင်း၊ တန်ခူးလ တို့တွင် ရေအနည်းငယ်ရှားပါးပါသည်။ ရေရှားပါးသည့်ကာလ၌ ပြည်ခြား ချောင်းတွင် ဆိုင်ကယ်ဖြင့် အဝတ် လျှော်ခြင်း၊ရေချိုးခြင်းများ ပြုလုပ်ကြပါသည်။

အထက်ပေါင်းကျေးရွာတွင် ရေလောင်း/ယင်လုံအိမ်သာ သုံးစွဲသည့် အိမ်ထောင်စု (၅၀)အိမ်ရှိပါသည်။ အိမ်တိုင်းစေ့ယင်လုံအိမ်သာ သုံးစွဲနိုင်ရန် အတွက် ကျန်းမာရေး အသိပညာ ပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်လျှက်ရှိပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

အထက်ပေါင်းကျေးရွာတွင် တောင်ယာလုပ်ငန်း၌ ရေသွင်းစိုက်ပျိုးခြင်း၊ ဖျက်ပိုးကျခြင်းများမရှိပါ။ ထို့အပြင် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ်မှာလည်း အားနည်း နေသည်ဖြစ်ရာ စနစ်တကျ စွန့်ပစ်ခြင်း၊ အမျိုးအစားအလိုက် ပြန်လည် အသုံးချခြင်းစသည့် အမှိုက်စနစ်တကျစွန့်ပစ်ရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးပြီး ဦးဆောင်ဦးရွက်ပြုနိုင်မည့် ကျေးရွာတွင်း ပရဟိတအဖွဲ့ အစည်းများ နှင့် ကျေးရွာပြင်ပမှ အဖွဲ့အစည်းများမှ လုပ်ငန်းစဉ် အဆင့်ဆင့်အား ကျေးရွာသူ /ကျေးရွာ သားများ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

အထက်ပေါင်းကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်း နှင့် ကျေးရွာဖွံ့ဖြိုးမှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြပါသည်။ အမျိုးသမီးအကြမ်းဖက် မှုများမရှိသော်လည်း အကြမ်းဖက် မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။ထို့ကြောင့် ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့ငယများအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်သင်တန်းများ တက်ရောက်စေခြင်းဖြင့် ကျေးရွာ၏ အုပ်ချုပ်မှု၊ အဖွဲ့အစည်းများဖြင့် ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေပါမည်။ အထက်ပေါင်းကျေးရွာတွင် လူငယ်များသည် ကျေးရွာ၏ လူမှုရေး၊ ဘာသာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှုအားကောင်းကြပါသည် လူငယ် များအတွက် အားကစားနှင့် ကာယ လေ့ကျင့်ခန်းများ ပြုလုပ်ရန်နှင့် အထောက် အကူပြု ပစ္စည်းများ မရှိကြသဖြင့် ကျန်းမာရေး လိုက်စားမှု အားနည်းကြပါသည်။ ကျေးရွာတွင် အလင်းတံခါးအဖွဲ့မှ ဦးဆောင်၍ ဆောင်ရွက်သော စာကြည့်တိုက် ရှိသော်လည်း စာအုပ်နည်းပါးခြင်း၊ စာဖတ်သည့်အလေ့အထ မရှိသောကြောင့် စာကြည့်တိုက် ပြန်လည်ပတ်နိုင်ရေး ဆွေးနွေးလုပ်ဆောင်ပေးပါက ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများ ရှိလာနိုင်ပါသည်။

## ၁၀။ တောင်ယာကမ်းကျေးရွာအုပ်စု၊ အထက်ပေါင်းကျေးရွာ  ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဦးစားပေးစီမံချက်များ

| စဉ် | ကဏ္ဍ | ကဏ္ဍခွဲ | စီမံချက်ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | ဦးစားပေး အဆင့် | မှတ် ချက် |
|---|---|---|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | ကျေးလက်လမ်း၊ရွာချင်းဆက် လမ်း၊တံတား ဆောက်လုပ်ခြင်း | ကျေးလက်လမ်းတံတား | ရွာတွင်းလမ်း(၆၀၀'-၁၂'-၆'')<br>ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်း | ပထမ | |
| ၂ | အခြေခံအဆောက်အဦ | ကျေးလက်လမ်း၊ရွာချင်းဆက် လမ်း၊တံတား ဆောက်လုပ်ခြင်း | ကျေးလက်လမ်းတံတား | ကမာအိုင် – အထက်ပေါင်း ကုန်ထုတ်လမ်း(၄)မိုင်<br>ဖောက်လုပ်ခြင်း | ဒုတိယ | |
| ၃ | အခြေခံအဆောက်အဦ | ကျေးလက်လမ်း၊ရွာချင်းဆက် လမ်း၊တံတား ဆောက်လုပ်ခြင်း | ကျေးလက်လမ်းတံတား | မီးသဂြိုလ်စက်၊တရားနာဆောင်တည်ဆောက်ခြင်း | တတိယ | |
| ၄ | အခြေခံအဆောက်အဦ | ကျေးလက်လမ်း၊ရွာချင်းဆက် လမ်း၊တံတား ဆောက်လုပ်ခြင်း | ကျေးလက်လမ်းတံတား | သင်္ချိုင်းအဝင်လမ်း (၁၆၀၀')ဖောက်လုပ်ခြင်း | | |
| ၅ | ပညာရေး | အခြေခံပညာရေးဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ | မူကြိုကျောင်းဆောင်(၁)ဆောင် တည်ဆောက်ခြင်း | | |
| ၆ | ပညာရေး | အခြေခံပညာရေးဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ | ကျောင်းခြံစည်းရိုး(၁၁၀၀)ပေ ကာရံခြင်း | | |
| ၇ | ပညာရေး | အခြေခံပညာရေးဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ | ကျောင်းအားကစားကွင်း ပြုလုပ်ခြင်း | | |
| ၈ | ပညာရေး | အခြေခံပညာရေးဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ | ကျောင်းအတွင်း ရေသန့်စက်(၁)လုံးတပ်ဆင်ခြင်း | | |
| ၉ | ပညာရေး | အခြေခံပညာရေးဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ | ကျောင်းသုံးပရိဘောဂများ ဖြည့်ဆည်းပေးခြင်း | | |
| ၁၀ | ပညာရေး | အခြေခံပညာရေးဆိုင်ရာ | ကျောင်းအဆောက်အဦ၊ | ကျောင်းဆောင် (၁၈၀' x၃၀') အား | | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | ပရိဘောဂ၊သင်ထောက်ကူ | မျက်နှာကျက်ပြုလုပ်ခြင်း | | |
| ၁၁ | ပညာရေး | အခြေခံပညာရေးဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ | ဝန်ထမ်းအိမ်ရာ(၁)လုံး တည်ဆောက်ခြင်း | | |
| ၁၂ | ပညာရေး | အခြေခံပညာရေးဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ | ကျောင်းဆရာ/မ (၁)ဦးအား ခန့်ထားပေးနိုင်ရန် တင်ပြခြင်း | | |
| ၁၃ | ငွေကြေး | ရပ်ရွာအခြေပြုငွေကြေးဝန်ဆောင်မှု | ရပ်ရွာအခြေပြု | မြစိမ်းရောင်ကျေးရွာစီမံကိန်း ရရှိရန် သက်ဆိုင်ရာဌာနသို့ တင်ပြခြင်း | | |
| ၁၄ | အခြေခံအဆောက်အဦ | ကျေးလက်လမ်း၊ရွာချင်းဆက်လမ်း၊တံတား ဆောက်လုပ်ခြင်း | ကျေးလက်လမ်းတံတား | စာကြည့်တိုက်နံဘေးလမ်း(၆၀၀'x ၁၂' x၆")ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း | | |
| ၁၅ | အခြေခံအဆောက်အဦ | ကျေးလက်လမ်း၊ရွာချင်းဆက်လမ်း၊တံတား ဆောက်လုပ်ခြင်း | ကျေးလက်လမ်းတံတား | ရွာပတ်လမ်း(၃/၀)မိုင်အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း | | |
| ၁၆ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ | နည်းပညာသင်တန်း | ထုတ်ကုန်လုပ်ငန်းများ | အသက်မွေးဝမ်းကျောင်းလုပ်ငန်း နည်းပညာဝန်ဆောင်မှုသင်တန်းများ ဆောင်ရွက်ခြင်း | | |
| ၁၇ | ကျန်းမာရေး | ကျန်းမာရေးအသိပညာပေး | ကျေးလက်ကျန်းမာရေး ဆေးပေးခန်း | ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ စီစဉ်ပေးခြင်း | | |
| ၁၈ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | ခေါင်းဆောင်မှုသင်တန်း | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အဖွဲ့ဝင်များအားစီမံခန့်ခွဲမှု ၊ခေါင်းဆောင်မှု၊စာရင်းကိုင်သင်တန်းများ လိုအပ်ခြင်း | | |
| ၁၉ | သဘာဝသယံဇာတနှင့်သဘာဝပတ်ဝန်းကျင် | အသိပညာပေးဆွေးနွေးပွဲ | သဘာဝဘေးလျှော့ချရေး | သဘာဝပတ်ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း | | |
| ၂၀ | သဘာဝသယံဇာတနှင့်သဘာဝပတ်ဝန်းကျင် | အသိပညာပေးဆွေးနွေးပွဲ | အညစ်အကြေး | အမှိုက်စွန့်ပစ်ရေးစနစ်ကျစေရန် အသိပညာပေးလုပ်ဆောင်ခြင်း | | |
| ၂၁ | လူငယ်နှင့်အားကစား | အသိပညာပေးဆွေးနွေးပွဲ | လူငယ်အခွင့်အရေး | စာကြည့်တိုက် ပြန်လည်ပတ်နိုင်စေရန် | | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | ဆွေးနွေးလုပ်ဆောင်ခြင်း | | |
| ၂၂ | မွေးမြူရေးနှင့်ငါးလုပ်ငန်း မွေးမြူရေးဆေးပညာ | အသိပညာပေးဆွေးနွေးပွဲ | တိရိစ္ဆာန်မွေးမြူရေး | မွေးမြူရေးသင်တန်းများနှင့်ဝန်ဆောင်မှုများရရှိရန် ချိတ်ဆက်ခြင်း | | |

**နောက်ဆက်တွဲ (၁)**

## တောင်ယာကမ်းကျေးရွာအုပ်စု၊ အထက်ပေါင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးတင်ဇော်မိုး | ဦးစစ်ထွန်း | ၆/ပလတ(နိုင်)၀၃၅၀၇၄ | ၄၅ | ဥက္ကဌ | ၀၉၂၅၆၉၅၉၀၈၃၈ |
| ၂ | ဦးဘသွေ | ဦးဘသွင် | ၆/ပလတ(နိုင်) ၀၂၆၀၄၆ | ၇၆ | အတွင်းရေးမှူး | - |
| ၃ | ဦးအိုသိန်း | ဦးကြာထွေး | ၆/ပလန(နိုင်) ၀၂၅၁၉၀ | ၇၇ | ဘဏ္ဍာရေးမှူး | - |
| ၄ | ဦးမောင်ကျော် | ဦးစိန် | ၆/ပလန(နိုင်)၀၂၄၈၁၅ | ၅၆ | စာရင်းကိုင် | - |
| ၅ | ဦးလွင်ဇော်အောင် | ဦးဘသွေး | ၆/ပလန(နိုင်)၀၉၁၇၃၇ | ၃၁ | စာရင်းစစ် | ၀၉၇၇၇၂၁၆၉၀၄ |
| ၆ | ဦးသိန်းအောင် | ဦးဘသွေး | ၆/ပလန(နိုင်) ၀၄၉၇၈၄ | ၄၆ | အဖွဲ့ဝင် | ၀၉၇၆၄၇၅၉၁၃၃ |
| ၇ | ဦးအောင်ငွေး | ဦးသန်းဝင်း | ၁၀/ကထန(နိုင်)၀၃၁၅၇၅ | ၅၀ | အဖွဲ့ဝင် | - |
| ၈ | ဒေါ်ဖြိုးအိအိဖြူ | ဦးဇော်မင်းအောင် | ၆/ပလန(နိုင်)၀၀၆၉၀၆၂ | ၂၁ | အဖွဲ့ဝင် | - |

| | | | | | | |
|---|---|---|---|---|---|---|
| ၉ | ဒေါ်နှင်းနုဝေ | ဦးဝင်းသိန်း | ၆/ထဝန(နိုင်)၁၂၃၂၂၅ | ၂၀ | အဖွဲ့ဝင် | - |
| ၁၀ | ဦးထွန်းသိန်း | ဦးကြီးခင် | ၆/ပလတ(နိုင်) ၀၂၆၀၅၆ | ၅၇ | အဖွဲ့ဝင် | - |
| ၁၁ | ဦးတင်ရှိန် | ဦးဘထွန်း | ၆/ပလန(နိုင်) ၁၀၂၅၇၅ | ၆၈ | အဖွဲ့ဝင် | - |

## နောက်ဆက်တွဲ (၂)

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | ၃ | ၄ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၁၄ | ၁၇ | ၃၁ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၄ | ၂၃ | ၄၇ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၅ | ၂၆ | ၅၁ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၄၃ | ၁၄၂ | ၂၈၅ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၁၀ | ၉ | ၁၉ |
| **စုစုပေါင်း** | | **၂၁၇** | **၂၂၀** | **၄၃၇** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၇၆** | | |

**ရင်းမြစ်…** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ အထက်ပါကျေးရွာတွင် အဓိကအားဖြင့်ဗမာလူမျိုးအများစုနှင့် ကရင်လူမျိုးအနည်းငယ်နေထိုင်ကြပြီး အိမ်ထောင်စု (၇၆) စု၊ လူဦးရေ (၄၃၇) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ် အောက်နို့စို့အရွယ် (၀.၉%)၊ ငါးနှစ်အောက် ကလေးငယ်အရွယ် (၇%)၊ မူလတန်းကျောင်းသား အရွယ် (၁၀.၇%)၊ အလယ်တန်းကျောင်းသား အရွယ် (၁၁.၇%)၊ အလုပ်လုပ်နိုင်သည့် အရွယ် (၆၅.၂%)နှင့် သက်ကြီးရွယ်ကြီးအရွယ် (၄.၃%) ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄.၉)ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅)ဦးနှုန်းထက် လျော့နည်းနေပါသည်။ သို့သော်လည်း ကျေးရွာအတွင်းအလုပ်လုပ်နိုင်သော လူဦးရေများပြားခြင်းကြောင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | **အိမ်ထောင်စု** | **မိသားစုဝင် လုပ်အား** | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆၀ | ၁၁၀ | - | မြင့်✓လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၁၅ | ၄ | မြင့်☐လတ်✓နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၆ | ၆ | ၆ | မြင့်✓လတ်Âနိမ့်☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | ၃ | မြင့်✓လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၁၅ | ၁၀ | မြင့်✓လတ်Âနိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | ၃ | မြင့်☐လတ်☐နိမ့်✓ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၁ | မြင့်☐လတ်☐နိမ့်✓ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၃၀ | ၃၀ | ၁၅ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | ၂ | မြင့်☐လတ်✓နိမ့်☐ |
| | **စုစုပေါင်း** | | | | ☒ |

**ရင်းမြစ်**… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။“**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”** **ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ “**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)”** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများ အတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -“**စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု“**မြင့်**” ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ် ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ အထက်ပေါင်းကျေးရွာတွင် အဓိကအားဖြင့် လယ်ယာလုပ်ငန်းလုပ်ကိုင်ကြပါသည်။ တောင်ယာမြေနေရာတွင်တောင်ယာစပါးစိုက်ပျိုးခြင်းနှင့် တခြားအပင်စိုက်ပျိုးခြင်းများလုပ်ကိုင်ကြပါသည်။ ဥယျာဉ်ခြံလုပ်ငန်းများလည်းလုပ်ကိုင်ကြပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ကိုယ်ပိုင်လုပ်ကိုင် သည့် အိမ်ထောင်စု(၅၀)စုခန့်ရှိပြီးကွမ်းသီး၊ ရာဘာစိုက်ပျိုးရေးလုပ်ငန်းကိုလည်းလုပ်ကိုင်ကြသည်။ အထက်ပေါင်း ကျေးရွာပိုင်မြေဧရိယာတွင် ရာဘာခြံရှိသော်လည်း တခြားလုပ်ငန်းရှင်များ မှပိုင်ဆိုင်သူများထံမှ ၎င်းရာဘာ ခြံတွင် အခကြေးဖြင့်လုပ်ကိုင်သည့် အိမ်ထောင်စုများလည်းအနည်းငယ်ရှိပါသည်။ ကျေးရွာတွင် ပန်းရံလုပ် ငန်း လုပ်ကိုင်သည့်အိမ်ထောင်စု(၃၀) စုရှိပြီး ဈေးဆိုင်(၁၀)အိမ်ရှိပါသည်။ ရာဘာခြံတွင် တောခုတ်လုပ်ကိုင် သည့်သူများလည်းရှိပါသည်။ ကိုယ်ပိုင်စက်ဖြင့် လုပ်ကိုင်ပါကလုပ်အားခ (၁၅၀၀၀)ရရှိပါသည်။ ကျေးရွာတွင် သဘာဝအရင်းအမြစ်ဖြစ်သည့် သဲ၊ ကျောက်များထွက်ရှိသော်လည်း ကျေးရွာမှလုပ်ကိုင်ခြင်းမရှိပါ။ အပ်ချုပ် စက် လုပ်ကိုင်သည့်အိမ်ထောင်စု(၃)စုရှိပါသည်။

### (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၇၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၂၀၀၀ | - | ၈၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ | နေ့စား | - | - | - | - |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | သင်တန်းပေးသူ စသည်) | | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်** (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

လေ့လာတွေ့ရှိချက်။ ။ အထက်ပေါင်းကျေးရွာတွင် ဆောက်လုပ်ရေးလုပ်ငန်းများ၊ အကြမ်းအလုပ်များ၌ ဝင်ငွေရရှိမှုများစွာ မကွာခြားသော်လည်း လုပ်ငန်းကျွမ်းကျင်မှုအပေါ် အခြေခံ၍ လုပ်ကိုင်ရသည့် အလုပ်များတွင်မူ ကျား/မ ဝင်ငွေ ရရှိမှု များစွာ ကွာခြားပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး**(မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| **လယ်မြေ** | **၁၃၀** | ကောင်း √ သင့်☐ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | **၆၀** | ကောင်း ☐ သင့် √ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | **၃၀** | ကောင်း ☐ သင့်√ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဓနိတောမြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စားကျက်မြေ** | - | ကောင်း ☐ သင့်ံ☐ ညံ့ ☐ |
| **မြေလွတ် မြေလပ်** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | ၂၂၀ | ☒ |

**ရင်းမြစ်** …(၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၃) **လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊** (၄) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။ အထက်ပေါင်းကျေးရွာတွင် အဓိကအားဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပါ သည်။မြေဆီလွှာအသင့်အတင့် ကောင်းမွန် ပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| **သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ခဲတံငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)** | များ☐ သင့်☐ နည်း☐ မရှိ√ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| **ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ** | များ☐ သင့်√ နည်း☐ မရှိ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ Â |
| **သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ☐ သင့်☐ နည်း√ မရှိ☐ | လွယ်√ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| **သဘာဝ တိရစ္ဆာန်မျိုးစိတ်များ** | များ☐ သင့်☐ နည်း☐ မရှိ√ | ☒ |

**ရင်းမြစ်..ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ အထက်ပေါင်းကျေးရွာတွင် ခဲတံသတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ မထွက်ရှိပါ။ သဘာဝအရင်းအမြစ်များဖြစ်သည့် သဲ၊ကျောက်များထွက်ရှိ သော်လည်း ကျေးရွာမှ လုပ်ဆောင်ခြင်းမရှိပါ။ သဘာဝအပင်မျိုးစိတ်များနှင့် တိရစ္ဆာန်မျိုးစိတ်များအား ကျေးရွာနှင့် အနီးတဝိုက်တွင် အနည်းငယ် အလွယ်တကူ ရရှိပါသည်။

### (ဃ) ဥစ္စာဓနအဆင့်အခြေအနေ

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| **မြေယာပိုင်ဆိုင်မှု** | **များ** | **အသင့်အတင့်** | **နည်း** | အလွန်နည်း (သို့) မရှိ |
| **အိမ်အခြေအနေ** | **အလွန်ကောင်း** | **အသင့်အတင့် ကောင်း** | **ညံ့** | **အလွန်ညံ့** |
| **ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု** | **များ** | **အသင့်အတင့်** | **နည်း** | **မရှိ** |
| **အဓိကစီးပွားရေး လုပ်ငန်း** | **စီးပွား (ဝင်ငွေ) အလွန်ကောင်း** | **စီးပွား (ဝင်ငွေ) အသင့်အတင့်** | **စီးပွား (ဝင်ငွေ) နည်း** | **စီးပွား (ဝင်ငွေ) အလွန်နည်း** |
| **အိမ်ထောင်စု** | ၃ | ၄၀ | ၂၅ | ၉ |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ အထက်ပေါင်းကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုမှာ (၆.၆%)၊ အလယ်အလတ်အိမ်ထောင်စုမှာ (၅၂.၆%) ရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် ဈေးဆိုင်လုပ်ငန်းများလုပ်ကိုင်ကြသည်။ ထိုအိမ်ထောင်စုများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်း စသည်ဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်။ မပြေလည်သောနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများသည်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် နေ့စားလုပ်ငန်း၊ ရော်ဘာအစေးခြစ်သည့် လုပ်ငန်း

ခွင်များတွင် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၂၀ | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ____ ၅ _______<br>ချေးယူ = ______ ၅ _____<br>လုပ်အားခကြိုယူ = ___ ၁၀________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၁၁ | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = _____ ______<br>ချေးယူ = ____ ၄ _____<br>လုပ်အားခကြိုယူ = ____ ၇ _______ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = _________<br>လုပ်အားခကြိုယူ = ___________ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။ အထက်ပေါင်းကျေးရွာတွင် ဥစ္စာဓနအဆင့်(၃)နှင့်(၄) အိမ်ထောင်စု စုပေါင်း၏ (၃၀%)စစ်တမ်းကောက်ယူမှုအရ (၃)လအောက် ဝမ်းစာဖူလုံမှုမှာ အိမ်ထောင်စု (၂၆.၃%) မှာချေးယူခြင်းနှင့်လုပ်အားခကြိုယူခြင်းများဖြင့် မိသားစုစားဝတ်နေရေးအတွက် ဖြေရှင်းကြပါသည်။ (၃လ) နှင့်(၆)လကြား ဝမ်းစာဖူလုံမှု အိမ်ထောင်စု(၁၄.၄%)မှာ မိသားစုစားဝတ်နေရေး၊ကျန်းမာရေး၊ အလုပ်အကိုင် ရရှိရေးအတွက် ချေးယူခြင်းနှင့်လုပ်အားခကြိုယူခြင်း များ ပြုလုပ်ကြပါသည်။ (၆)လနှင့်(၁၂)လအထက် ဝမ်းစာဖူလုံမှု အိမ်ထောင်စုမှာမရှိသလောက်နည်းပါးပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | | ၆ | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | | ၃ | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | – | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အထက်ပေါင်းကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ မရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များ တွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုနှင့် မုဆိုးဖို၊ တစ်ခုလပ် ဦး ဆောင်သည့် အိမ်ထောင်စု အနည်းငယ်မျှသာရှိပါသည်။

**(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | **ထိခိုက်လွယ်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် √ နိမ့်☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် √ နိမ့်☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ √ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၇ | လျှော | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် √ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်√ မရှိ Â |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ√ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အထက်ပေါင်းကျေးရွာတွင် အဓိကအားဖြင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကိုလုပ်ကိုင်ကြသဖြင့် ရေးကြီးခြင်း၊ ဆားငန်ရေဝင်ခြင်းများအန္တရာယ်များ မရှိပါ။ ရာသီဥတုမှာလည်း အသင့်အတင့် မျှတသော အခြေအနေသာဖြစ်ပါသည်။ သစ်တောပြုန်းတီးမှုများ အနည်းငယ် ရှိနေပြီး ကျေးရွာအတွင်းတွင်ငှက်ဖျားရောဂါ၊တီဘီရောဂါ၊ကိုယ်ခံအားကျဆင်းမှုရောဂါရှိသူမရှိသလောက်အနည်းငယ် လည်းရှိပါသည်။

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ √ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်Â မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် √ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့် Â မရှိ ☐ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်√ မရှိ √ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်√ မရှိ √ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်√ မရှိ √ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် √ နိမ့်☐ မရှိ √ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ အထက်ပေါင်းကျေးရွာတွင် မြေယာ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသည့်

အတွက် ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အခြေအနေမျိုးတွင်ရှိပြီး မိမိနေရပ်တွင် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ရန် အခွင့်အလမ်းနည်းပါးခြင်း၊ အသက်မွေးမှုပညာနည်းပါးခြင်းတို့ကြောင့် အများစုမှာ ပြည်ပနိုင်ငံများ တွင် ရွှေ့ပြောင်းလုပ်ကိုင်သူများပြားပါသည်။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ**

**ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
